# ကလေးအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုကော်မတီ (မြန်မာနိုင်ငံ)

**Committee for Protection and Promotion of Child Rights (Burma)**

**CPPCR**

630 Moo.1, Mae Sot, Tak 63110 Thailand. PO Box 47, Mae Sot, Tak 63110 Thailand.
cppcr.wordpress.com, cppcr2002@gmail.com, Mobile: 08 9960 6201.


## ဆဋ္ဌမအကြိမ်မြောက် ညီလာခံ ထုတ်ပြန်ကြေငြာချက်

နေ့စွဲ။ ။ **၄ ဇန်နဝါရီလ ၂၀၁၄။**

ကလေးအခွင့်အရေးကာကွယ်စောင့်ရှောက်မှုကော်မတီ (မြန်မာနိုင်ငံ) ၏ ဆဋ္ဌမအကြိမ်မြောက်ညီလာခံကိုထိုင်း-မြန်မာနယ်စပ် တနေရာ တွင် လူထုအခြေပြုအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ဥပဒေရေးရာ တတ်သိပညာရှင်များနှင့် ကလေးကိုယ်စားလှယ်များ (၇၀) ကျော်ပါဝင်သော ဆဋ္ဌမအကြိမ် ညီလာခံကို (၂၀၁၄ခုနှစ် ဇန်နဝါရီလ ၃ - ၄ ရက်) နေ့များတွင် အောင်မြင်စွာကျင်းပြီးစီးခဲ့ပါသည်။

လက်ရှိနိုင်ငံရေးဖြစ်ပေါ်မှုတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်နေခြင်း၊ ပြည်သူ့လွှတ်တော် အမျိုးသားလွှတ်တော်များဖြစ်တည်လာခြင်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ပေါ်ပေါက်လာခြင်း စသည်တို့ကို ကလေးအခွင့်အရေးကာကွယ်စောင့်ရှောက်မှုကော်မတီမှ ကြိုဆိုပါသည်။ နိုင်ငံတကာလူ့အခွင့်အရေးကြေငြာစာတမ်းတွင် ထောက်ပြထားသည့်အတိုင်း ကလေးများသည် လူမှုအသိုင်းအဝိုင်း၏ အခြေခံဆောက်အအုံ ဖြစ်သည်ကိုငြင်းဆို၍မရနိုင်ပါ။ သို့သော်လည်း လက်ရှိအချိန်အထိ ကလေးမွေးစာရင်းနှင့် နိုင်ငံသားဖြစ်ခွင့်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးအတွက် လွှမ်းခြုံမှု မရှိသေးပါ။ ကာလကြာရှည်စွာဖြစ်ရှိနေသော ပြည်တွင်းစစ်ကြီးနှင့် နိမ့်ကျနေသောစီးပွားရေး စနစ်ကြောင့် ပြည်သူလူထုများ ရွှေပြောင်းနေထိုင်လာကြရာမှ မွေးဖွားလာသောကလေးများသည် ကျန်းမာရေး ပညာရေးဆိုင်ရာအခွင့်အရေးများ ဆုံးရှုံးရသည့်အပြင် နိုင်ငံမဲ့ကလေးများအဖြစ် ကြီးပြင်းလာရပါသည်။ ထို့အပြင် နယ်စပ်ဒေသများတွင်နေထိုင်သော ပြည်သူလူထုတို့သည်လည်း အထူးသဖြင့် ကလေးသူငယ်များမှာ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ကင်းမဲ့နေပြီး အကူညီများ လက်လှမ်းမှီရန် ဝေးကွာနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် လက်ရှိအစိုးရမှ အောက်ပါအချက်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် အလေးနက်ထားတောင်းဆိုလိုက်ပါသည်။

1. **မိမိဌာနေကိုစွန့်ခွာသွားရသော တိုင်းရင်းသားများမှ မွေးဖွားလာသော ကလေးများ၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးကို ဆောင်ရွက်သွားရန်။**
2. **မွေးဖွားမှတ်တမ်းနှင့် မွေးစာရင်းများကိုတစ်နိုင်ငံလုံးစံနှုန်းအတိုင်းအတာဖြင့်လုပ်ဆောင်သွားရန်။**
3. **အိမ်နီးချင်းနိုင်ငံများနှင့်ပြည်တွင်းရှိ ရွှာပုန်းရွာရှောင်များတွင်မွေးဖွားလာသောကလေးများအား မွေးဖွားမှတ်တမ်းနှင့် မွေးစာရင်းများရရှိရေးကို ကဏ္ဍစုံ ပူးပေါင်း၍ စနစ်တကျ နည်းလမ်းရှာဖွေ လုပ်ဆောင်ရန်။**
4. **တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် မြန်မာ့တပ်မတော်အကြား အပစ်အခတ်ရပ်စဲရေးငြိမ်းချမ်းရေး ဖြစ်စဉ်များ ဆွေးနွေးရာတွင် လူသားတစ်ဦးခြင်းစီ၏ ဂုဏ်သိက္ခာအတွက် ရှင်းလင်းသော နိုင်ငံသားဥပဒေရှိလာစေရန် ထည့်သွင်းဆွေးနွေး လုပ်ဆောင်ရန်။**
5. **ကလေးအခွင့်အရေး ချိုးဖောက်ခံရသော ကလေးများအား လူမှုဖူလုံမှု ထောက်ပံ့ရေး၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ဥပဒေအထောက်ကူပေးရေး များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန်။**
6. **တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများမှ မှတ်တမ်းတင်ပြုစုထားသော ဖွားစာရင်းနှင့် မွေးစာရင်းများကို အစိုးရမှ အသိအမှတ်ပြုပေးရန်။**
7. **တိုင်းရင်းသားဒေသများရှိကလေးများ၊ အိမ်နီးချင်းနိုင်ငံများရှိရွှေပြောင်းကလေးများ၏ ပညာရေးများကို ဆွေးနွေးရာတွင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန် တို့ ဖြစ်သည်။**

ကလေးအခွင့်အရေးကာကွယ်စောင့်ရှောက်မှုကော်မတီသည် **၁)။ မွေးစာရင်းနှင့် ကလေးမှတ်တမ်းကောက်ယူခြင်း လုပ်ငန်း ၂)။ ကလေးအခွင့်အရေးနှင့် ကာကွယ်ခြင်း လုပ်ငန်း၊ ၃)။ သုတေသနနှင့် စည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်း** စသည့် ရှေ့လုပ်ငန်းစဉ်များဖြင့် အနာဂါတ် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်အတူ ကမ္ဘာ့ကုလသမဂ္ဂ၏ ကလေးအခွင့်အရေးဆိုင်ရာပဋိညာဉ်စာတမ်း ကိုအခြေခံ၍ ကလေးအခွင့်အရေး ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံနှင့် ပူးပေါင်းကာ စွမ်းပမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။


ဆက်သွယ်ရန် -

ဒေါက်တာစင်သီယာမောင် (ဥက္ကဋ္ဌ) ဖုန်း - ၀၈၉ ၉၆၁ ၅၀၅၄

ကိုနိုင်မင်း (အတွင်းရေးမှူး) ဖုန်း - ၀၈၅ ၇၃၆ ၇၂၁၁